

ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းရေး၊ ဗမာပြည်နယ်ဖွဲ့စည်းရေး စတဲ့ မူဝါဒတွေမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား တူညီတဲ့ရပ်တည်ချက်မရှိပါ။

# ငြိမ်းချမ်းရေး ဟိုး အဝေးမှာ (၆)

## ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတပ်ပေါင်းစု

မြန်မာပြည်အရှေ့မြောက်ပိုင်းဒေသမှာ အခြေစိုက်တဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ပေါင်းစု တစ်ခုရှိပါသေးတယ်။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတပ်ပေါင်းစု (Peace and Democracy Front: PDF)လို့ အမည်ရပြီး ပန်ဆန်းအခြေစိုက် 'ဝ'ပြည် သွေးစည်းညီညွတ်ရေးပါတီ (United Wa State Party:UWSP)၊ မိုင်းလားအုပ်စုလို့ခေါ်ကြတဲ့ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (National Democratic Alliance Army:NDAA)၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (ကိုးကန့်အဖွဲ့) (Myanmar National Democratic Alliance Army:MNDAA)၊ ဒီမိုကရေစီတပ်မတော်သစ် (ကချင်) (New Democratic Army-Kachin:NDA-K)တို့ ပါဝင်ကြပါတယ်။ သည်တပ်ပေါင်းစုမှာ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)က တပ်အင်အား ၃၀,၀၀၀ လောက်၊ မိုင်းလားအုပ်စု (NDAA)က တပ်အင်အား ၂၀၀၀ လောက်ရှိကြပြီး နှစ်ဖွဲ့စလုံးက အစိုးရနဲ့ အပစ်အခတ်ရပ်စဲပြီးသားဖြစ်ပါတယ်။ ဒီမိုကရေစီတပ်မတော်သစ် (ကချင်) (NDA-K)နဲ့ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (MND AA)(ကိုးကန့်အဖွဲ့)ကတော့ တပ်အင်အား ၁၀၀၀ လောက်စီ အသီးသီးရှိကြပြီး နှစ်ဖွဲ့စလုံးက မြန်မာ့တပ်မတော် လက်အောက်ခံ နယ်ခြားစောင့်တပ်ဖွဲ့များ (Border Guard Force:BGF)အဖြစ် ရပ်တည်နေကြတာပါ။ တပ်အင်အား စုစုပေါင်း ၃၄,၀၀၀ လောက်ရှိတဲ့ သည်တပ်ဖွဲ့တွေကို ညီညွတ်သော တိုင်းရင်းသားများဖက်ဒရယ်ကောင်စီ (UNFC)အဖွဲ့ဝင်အဖြစ် ပါဝင်ဖို့ ဖက်ဒရယ်ကောင်စီက စည်းရုံးနေခဲ့တာ အတော်ကြာပြီဖြစ်ပေမဲ့ အောင်မြင်မှုမရှိသေးပါ။

ဖက်ဒရယ်ကောင်စီက ဦးဆောင်ပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ ကျင်းပတဲ့ (ဒုတိယ) တိုင်းရင်းသားညီလာခံကို ပီဒီအက်ဖ် (PDF)တပ်ပေါင်းစုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပေမဲ့ လေ့လာသူအဖြစ်သာ တက်ရောက်တာဖြစ်လို့ ညီလာခံက ဆုံးဖြတ်ချက်တွေကို ပီဒီအက်ဖ် (PDF)က သဘောတူတယ်လို့ ပြောလို့မရပါ။ ပီဒီအက်ဖ် တပ်ပေါင်းစုဝင် တပ်ဖွဲ့များရဲ့ သဘောထားက အစိုးရကို အတိုက်အခံလုပ်ဖို့ထက် အစိုးရနဲ့ ပြေလည်အောင် ဆက်ဆံပြီး သူတို့လိုချင်တာကို တောင်းမယ်ဆိုတဲ့ မူဝါဒမျိုးရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များထဲမှာ တပ်အင်အား အကြီးမားဆုံးဖြစ်တဲ့ 'ဝ'ပြည် သွေးစည်းညီညွတ်ရေးပါတီကတော့ ၂၀၀၈ ဖွဲ့စည်းပုံက ဖန်တီးပေးထားတဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း၊ တရုတ်–မြန်မာနယ်စပ်က မြို့နယ်ခြောက်ခု၊ ခရိုင်နှစ်ခုပါဝင်တဲ့ 'ဝ' ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (Wa Self-Administrative Division)ကို လက်မခံဘဲ ရှမ်းပြည်နယ်နဲ့ တန်းတူပြည်နယ်အဆင့်ပေးဖို့၊ 'ဝ'ပြည်နယ်ကိုလည်း လက်ရှိဖွဲ့စည်းပုံက ပေးထားတဲ့မြို့နယ်များ ('ဝ' မြောက်ပိုင်း) သာမက ရှမ်းပြည်နယ်တောင်ပိုင်း၊ ထိုင်း–မြန်မာနယ်စပ်ဒေသက သူတို့က 'ဝ' တောင်ပိုင်းလို့ခေါ်တဲ့မြို့နယ်တွေ၊ တောင်ပိုင်းနဲ့ မြောက်ပိုင်းအကြား ဆက်စပ်နယ်မြေများကိုပါ ထည့်သွင်းပေးဖို့ တောင်းဆိုနေကြပါတယ်။ ပိုပြီးရှင်းအောင်ပြောရရင် 'ဝ'တပ်ဖွဲ့က ရှမ်းပြည်နယ်ရဲ့ လေးပုံတစ်ပုံလောက်ကို 'ဝ'ပြည်နယ်အဖြစ် သတ်မှတ်ပေးဖို့ တောင်းဆိုနေတာပါ။

## အခြားတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ

ညီညွတ်သောတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC)မှာပါတဲ့ လက်နက်ကိုင်တပ်ဖွဲ့ ၁၁ ဖွဲ့၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတပ်ပေါင်းစု (PDF) မှာ ပါဝင်တဲ့ လက်နက်ကိုင်တပ်ဖွဲ့ လေးဖွဲ့၊ တိုင်းရင်းသားပူးပေါင်းဆောင်ရွက်ရေး အလုပ်ကော်မတီ (WGEC)နဲ့ သဘောထားထပ်တူ ရပ်တည်တဲ့ ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ (RCSS/SSA-North)တို့ အပြင် အခြားတိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့တွေ ရှိပါသေးတယ်။

တပ်အင်အား ၁၅၀၀ လောက်ရှိတဲ့ ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော် (Democratic Karen Benevolent Army:DKBA-KHB)၊ တပ်အင်အား ၅၀၀ လောက်ရှိတဲ့ ကရင်ငြိမ်းချမ်းရေးကောင်စီ (Karen Peace Council:KPC)၊ တပ်အင်အား ၁၀၀၀ လောက်ရှိတဲ့ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (National Socialist Council of Nagaland Kaplan:NSCN-K)၊ တပ်အင်အား ၁၀၀ လောက်ရှိတဲ့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (Arakan Liberation Party:ALP)တို့က အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားကြပြီး နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲကို ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ မထားဘဲ တက်ရောက်ကြမယ့်ပုံ ရှိပါတယ်။



သည်တပ်ဖွဲ့တွေအပြင် အစိုးရနဲ့ငြိမ်းချမ်းရေးယူပြီးရုံမက မြန်မာ့တပ်မတော် လက်အောက်ခံ နယ်ခြားစောင့်တပ်ဖွဲ့များဖြစ်နေတဲ့ တပ်အင်အား ၄၀၀၀ လောက်ရှိတဲ့ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော် (Democratic Karen Buddhist Army:DKBA)၊ တပ်အင်အား ၅၀၀ လောက်ရှိတဲ့ ကရင်နီအမျိုးသားများ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (Karenni Nationalities Peoples' Liberation Front: KNPLF)၊ မြန်မာ့တပ်မတော်လက်အောက်ခံ ပြည်သူ့စစ်တပ်ဖွဲ့များဖြစ်နေတဲ့ တပ်အင်အား ၅၀၀ လောက်ရှိတဲ့ ကယန်းပြည်သစ်ပါတီ (Kayan New Land Party:KNLP)၊ တပ်အင်အား ၁၀၀၀ လောက်ရှိတဲ့ လားဟူပြည်သူ့စစ်တပ်ဖွဲ့ (Lahu Militias)၊ တပ်အင်အား ၁၀၀၀ လောက်ရှိတဲ့ ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ (Plaung State Liberation Organization:PSLO)၊ တပ်အင်အား ၁၀၀၀လောက်ရှိတဲ့ ပအိုဝ်းအမျိုးသားအဖွဲ့ (Pa-O National Organization:PNO)၊ တပ်အင်အား ၁၀၀၀ လောက်ရှိတဲ့ ရှမ်းပြည်နယ်တပ်မတော် (မြောက်ပိုင်း)တပ်မဟာ (၃)နှင့် တပ်မဟာ (၇) (Shan State Army- North 3rd and 7th Brigades) များလည်း ရှိပါသေးတယ်။

သည်တိုင်းရင်းသားတပ်ဖွဲ့တွေ အားလုံးဟာ မြန်မာအစိုးရနဲ့ မြန်မာ့တပ်မတော်နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးရှိပြီး အများစုဟာ မူလတိုင်းရင်းသားတပ်မတော်များမှ အကြောင်းအမျိုးမျိုးနဲ့ ခွဲထွက်လာကြတဲ့ တပ်ဖွဲ့များ ဖြစ်ကြပါတယ်။ အချို့တပ်များဆိုရင် အပစ်အခတ် ရပ်စဲရေး အဆင့်ကိုကျော်ပြီး မြန်မာ့တပ်မတော်အောက်ကို ခိုလှုံ ဝင်ရောက်လို့ နယ်ခြားစောင့်တပ်ဖွဲ့များ၊ ပြည်သူ့စစ်တပ်ဖွဲ့များ ဖြစ်နေကြပါပြီ။ နအဖ စစ်အစိုးရရဲ့ အမျိုးသားညီလာခံ အောင်မြင်ရေးနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရေးအတွက် အထောက်အကူပြုခဲ့ကြပါတယ်။ အောက်တိုဘာ လက်မှတ်ရေးထိုးပွဲကို သည်တပ်ဖွဲ့အားလုံးတက်ရောက်ကြဖို့ အလားအလာ ရှိပါတယ်။

## မတူညီသော လက်နက်ကိုင်တပ်ပေါင်းစုများ၊ မတူညီသော နိုင်ငံရေးမူဝါဒများ

အထက်မှာ တင်ပြခဲ့တဲ့အတိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာ အနည်းဆုံး အုပ်စုလေးစု ကွဲနေပါတယ်။ (၁) ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC)၊ (၂) ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတပ်ပေါင်းစု (PDF)၊ (၃) မြန်မာ့တပ်မတော်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိသော အဖွဲ့အစည်းများနှင့် မြန်မာ့တပ်မတော်၏ လက်အောက်ခံ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်တပ် ဖြစ်နေသော အဖွဲ့အစည်းများ၊ (၄) လက်နက်ကိုင်မဟုတ်သော နယ်စပ်ဒေသအခြေစိုက် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ပြည်ပအခြေစိုက် တိုင်းရင်းသားပညာရှင်များနှင့် အင်အားကြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် ကေအင်န်ယူ (KNU) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့ ပါဝင်သော တိုင်းရင်းသားပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (WGEC) တို့ ဖြစ်ပါတယ်။ သည်အုပ်စုလေးစုမှာ ငြိမ်းချမ်းရေးဆိုင်ရာ၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဝါဒတွေ မတူညီကြသလို မျှော်လင့်ချက်များလည်း ကွာခြားကြပါတယ်။

ဖက်ဒရယ်ကောင်စီက တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ထပ်မံရေးထိုးဖို့ လိုမလိုမေးခွန်းထုတ်နေချိန်၊ အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးပွဲနဲ့အတူ နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာ မူဘောင်တွေကို နှစ်ဖက်သဘောတူချမှတ်ဖို့ တောင်းဆိုနေချိန်မှာ ဖက်ဒရယ်ကောင်စီထဲက ကေအင်န်ယူနဲ့ ဖက်ဒရယ်ကောင်စီမှာ မပါဝင်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကတော့ အောက်တိုဘာလမှာ နေပြည်တော်ကိုလာပြီး ဘာကြိုတင်စည်းကမ်းသတ်မှတ်ချက်မှမရှိဘဲ လက်မှတ်ထိုးဖို့ ပြင်နေကြပါပြီ။ ဖက်ဒရယ်ကောင်စီက နိုင်ငံရေးဆွေးနွေးပွဲမှာ နိုင်ငံတကာဖျန်ဖြေသူတွေ၊ စောင့်ကြည့်ကြီးကြပ်သူတွေပါဝင်ဖို့ တောင်းဆိုနေချိန်မှာ တိုင်းရင်းသားလုပ်ငန်းကော်မတီ (WGEC) နဲ့ ကေအင်န်ယူ၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီတို့က နိုင်ငံတကာဖျန်ဖြေသူတွေ မလိုအပ်ကြောင်း သဘောထားရှိနေကြပါတယ်။

ဖက်ဒရယ်ကောင်စီက အစိုးရကိုယ်စားလှယ်တွေနဲ့ အကြိုညှိနှိုင်းဆွေးပွဲများ၊ အကြိုတိုင်းရင်းသားညီလာခံများကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာပဲ ကျင်းပခဲ့၊ ကျင်းပချင်ပေမဲ့ ဖက်ဒရယ်ကောင်စီဝင်အဖွဲ့ဝင်အချို့နဲ့ ဖက်ဒရယ်ကောင်စီမှာမပါတဲ့ အခြားလက်နက်ကိုင်တပ်ဖွဲ့တွေက ပြည်တွင်းကို သီးခြားစီဝင်ရောက်ပြီး ရန်ကုန်မှာ၊ နေပြည်တော်မှာ၊ ပြည်နယ်မြို့တော်တွေမှာ ဆွေးနွေးပွဲတွေ၊ ညီလာခံတွေ ကျင်းပနေကြပါတယ်။ ဆက်ဆံရေးရုံးတွေ ဖွင့်နေကြပါတယ်။ အချို့ဆိုရင် ခရိုနီစီးပွားရေးသမားများနဲ့ပေါင်းပြီး အထူးအခွင့်အရေးရ စီးပွားရေးလုပ်ငန်းတွေ စတင်နေကြပါပြီ။ ဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ရေးနဲ့ အသစ်ရေးဆွဲရေး၊ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းရေး၊ ဗမာပြည်နယ်ဖွဲ့စည်းရေးစတဲ့မူဝါဒတွေမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား တူညီတဲ့ ရပ်တည်ချက်မရှိပါ။ သည့်ကြားထဲ ရှမ်းပြည်နယ်ရဲ့ လေးပုံတစ်ပုံကို ဖဲ့ထုတ်ပြီး ပြည်နယ် ဖွဲ့စည်းပေးစေချင်တဲ့ 'ဝ'ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP)ရဲ့ တောင်းဆိုချက်ကလည်း စိတ်ပူစရာပါ။

> ❝ ဖက်ဒရယ်ကောင်စီဝင် အဖွဲ့ဝင်အချို့နဲ့ ဖက်ဒရယ်ကောင်စီမှာ မပါတဲ့ အခြား လက်နက်ကိုင်တပ်ဖွဲ့တွေက ပြည်တွင်းကို သီးခြားစီဝင်ရောက်ပြီး ရန်ကုန်မှာ၊ နေပြည်တော်မှာ၊ ပြည်နယ်မြို့တော်မှာ ဆွေးနွေးပွဲတွေ၊ ညီလာခံတွေ ကျင်းပနေကြပါတယ်။ ဆက်ဆံရေးရုံးတွေ ဖွင့်နေကြပါတယ်။ အချို့ဆိုရင် ခရိုနီစီးပွားရေးသမားများနဲ့ ပေါင်းပြီး အထူးအခွင့်အရေးရ စီးပွားရေးလုပ်ငန်းတွေ စတင်နေကြပါပြီ။ ❞

## ပြည်တွင်းမှာလည်း အတူတူကွဲ

သည်လိုကွဲပြားမှုတွေက နယ်စပ်ဒေသနဲ့ ပြည်ပရောက် တိုင်းရင်းသားအဖွဲ့ အစည်းများကြားမှာတင်ဖြစ်ပေါ်နေတာ မဟုတ်ပါ။ ပြည်တွင်းက တိုင်းရင်းသားအင်အားစုတွေကြားမှာလည်း အလားတူဖြစ်ပေါ်နေပါတယ်။

ပြည်တွင်းမှာ အဓိကကျတဲ့ တိုင်းရင်းသား နိုင်ငံရေးအင်အားစုနှစ်ခု ရှိပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲဝင် တိုင်းရင်းသားပါတီများ စုပေါင်းဖွဲ့စည်းထားတဲ့ ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့ (United Nationalities Alliance:UNA)နဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဝင် တိုင်းရင်းသားပါတီများ စုပေါင်းဖွဲ့စည်းထားတဲ့ ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း (Nationalities Brotherhood Federation:NBF) တို့ ဖြစ်ကြပါတယ်။ ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့က ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့တာကြောင့် လွှတ်တော်ထဲမှာ ကိုယ်စားလှယ် တစ်ယောက်မှမရှိဘဲ ညီနောင်တိုင်းရင်းသား ပါတီများကတော့ လွှတ်တော်ထဲမှာ ကိုယ်စားလှယ်အနည်းငယ် ရှိပါတယ်။

ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့မှာ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားများ ဒီမိုကရေစီပါတီ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားအဖွဲ့ချုပ်၊ ကရင်အမျိုးသား ဒီမိုကရေစီကွန်ဂရက်၊ ကချင်ပြည်နယ် အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်၊ ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေစီ အဖွဲ့ချုပ်တို့ ပါဝင်ကြပါတယ်။ သည်တပ်ပေါင်းစုက ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်လည်ဖွဲ့စည်းရေးနဲ့ ပြည်ထောင်စု မြန်မာ

စာမျက်နှာ ၂၈ သို့

## ငြိမ်းချမ်းရေး ဟိုး အဝေးမှာ (၆)

စာမျက်နှာ ၂၇ မှ အဆက်

နိုင်ငံတော်ကို ဗမာပြည်နယ်အပါအဝင် ရှစ်ပြည် နယ်နဲ့ ဖွဲ့စည်းရေး ဆိုတဲ့ မူဝါဒများကို ကိုင်စွဲ ထားပါတယ်။

ညီနောင် တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်းမှာ အဖွဲ့ဝင်များအဖြစ် သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ၊ အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့ ကယန်းအမျိုးသားပါတီတို့ ပါဝင်ပါတယ်။ အခြားတိုင်းရင်းသားပါတီများဖြစ်ကြတဲ့ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ အရှိုချင်းအမျိုးသားပါတီ၊ တအာင်း (ပလောင်) အမျိုးသားပါတီ၊ ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ 'ဝ' ဒီမိုကရေစီပါတီ၊ 'ဝ' အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီများလည်း လေ့လာသူအဖြစ် ပါဝင်တယ်လို့ သိရပါတယ်။ သည်တပ်ပေါင်းစုကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ လက်ရှိတိုင်းဒေသကြီး ခုနစ်ခုကို ပြည်နယ်များအဖြစ် ပြောင်းလဲဖွဲ့စည်းရေးဆိုတဲ့မူဝါဒများအပေါ် ရပ်တည်ပါတယ်။

ပြည်တွင်းမှာ နိုင်ငံရေး ပါတီများမဟုတ်တဲ့ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းတွေက အခုအချိန်အထိတော့ ကချင်ပြည်နယ်မှာဖြစ်နေတဲ့ စစ်ပွဲတွေကို ရပ်တန့်ဖို့၊ ကချင်ဒုက္ခသည်များကို ကူညီဖို့၊ အပစ်အခတ်ရပ်စဲရာ ဒေသများမှာ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြပ်ထိန်းသိမ်းဖို့၊ ပြည်တွင်းမှာကျင်းပတဲ့ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ချင်းရဲ့ ဆွေးနွေးပွဲတွေမှာ သက်သေအဖြစ် ပါဝင်တက်ရောက်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေကြ၊ ပြည်တွင်းမှာ နိုင်ငံရေးပါတီများက ဦးဆောင်ကျင်းပတဲ့ ဒေသအလိုက် ညီလာခံတွေမှာ တစ်ဖွဲ့ချင်းအလိုက် တက်ရောက်ဆွေးနွေးတာရှိပေမဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံရေးဆွေးနွေးပွဲများနဲ့ ပတ်သက်ပြီး တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍကို စုပေါင်းဆွေးနွေးတာ၊ စုပေါင်းဖွဲ့စည်းတာ၊ စုပေါင်းမူဝါဒတွေ ချမှတ်တာ မတွေ့ရသေးပါ။ မကြာခင် သည်အဖွဲ့အစည်းတွေရဲ့လှုပ်ရှားမှုတွေ တွေ့မြင်ရမယ်ထင်ပါတယ်။

(ဆက်ပါဦးမယ်) **အောင်ဒင်**